# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

February 15 , 2024 Volume 75, Number 10

၁၅.၂.၂၀၂၄

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၉၉၂ US$ |
| မြန်မာ့ရွှေဈေး | = ၃၈၆၀၀၀၀ ကျပ် |
| ဒေါ်လာဈေး | = ၃၅၇၅ ကျပ် |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၅၃.၇ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၅၈.၆ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၆၃၅.၆ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၆၃.၈ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၁.၉၃ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၂၉၂ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၇.၅၉ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၃၉.၂၈ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၈.၀၅၉ ကျပ် |

Source: CBM Rate, etrademyanmar.com

## “အုန်းအခြေခံထုတ်ကုန်ပစ္စည်းများ ပြပွဲနှင့်ပြိုင်ပွဲ” ဖွင့်ပွဲအခမ်းအနား ကျင်းပခြင်း




အက်ခ်မက်-ကိုရီးယားပူးပေါင်းဆောင်ရွက်မှုရန်ပုံငွေဖြင့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့က ဆောင်ရွက်လျက်ရှိသည့် “ရောဝတီတိုင်းဒေသကြီးတွင် အလားအလာရှိသောထုတ်ကုန် (အုန်းသီး) တန်ဖိုးကွင်းဆက်တစ်လျှောက် အဆင့်မြှင့်တင်ထုတ်လုပ်ခြင်းစီမံကိန်း” ၏ အစီအစဉ်တစ်ခုဖြစ်သည့် “အုန်းအခြေခံ ထုတ်ကုန်ပစ္စည်းများ ပြပွဲနှင့်ပြိုင်ပွဲ” ဖွင့်ပွဲအခမ်းအနားကို ရောဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့၊ မြို့တော်ခန်းမ၌ ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၅ ရက်နေ့၊ နံနက် (၈:၃၀) နာရီအချိန်တွင် ကျင်းပခဲ့သည်။

ဖွင့်ပွဲအခမ်းအနားတွင် ရောဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့၊ ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့မှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာထိန်လင်းတို့က အဖွင့်အမှာစကား အသီးသီးပြောကြားခဲ့ကြပြီး ရောဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့နှင့် စားသုံးသူရေးရာဦးစီးဌာနမှ တာဝန်ရှိသူများ၊ ရောဝတီတိုင်းဒေသကြီးအတွင်းရှိ ဌာနဆိုင်ရာများနှင့် အသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ ပြပွဲနှင့်ပြိုင်ပွဲတွင် ပါဝင်ပြသကြမည့် လုပ်ငန်းရှင်များ စုစုပေါင်း (၉၀) ဦးခန့် တက်ရောက်ခဲ့ကြသည်။

## CONTACT US

ကုန်သွယ်မှုသတင်းအချက်အလက်နှင့်
သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm

ပြပွဲနှင့်ပြိုင်ပွဲတွင် စီမံကိန်းအစီအစဉ်ဖြင့် ဆောင်ရွက်ပေးခဲ့သော သင်တန်းသားများမှ အုန်းပျိုးပင်၊ အုန်းသီးစိမ်းနှင့် အုန်းအခြေခံ တန်ဖိုးမြှင့်ထုတ်ကုန်ပစ္စည်းများဖြစ်သည့် စားသောက်ကုန်၊ လူသုံးကုန်နှင့်လက်မှုပစ္စည်းများကို ပါဝင်ပြသသွားမည်ဖြစ်ပြီး၊ အခြားသော အုန်းအခြေခံတန်ဖိုးမြှင့်ထုတ်ကုန်ပစ္စည်းထုတ်လုပ်သည့်လုပ်ငန်းရှင်များလည်း ပါဝင်ပြသသွားမည်ဖြစ်သည်။

ပြပွဲနှင့်ပြိုင်ပွဲဒုတိယနေ့တွင် ပြိုင်ပွဲဝင် အုန်းအခြေခံထုတ်ကုန်ပစ္စည်းများအနက် အရည်အသွေးသတ်မှတ်ချက်များနှင့် ကိုက်ညီသည့် ထုတ်ကုန်ပစ္စည်းများကို ဆုချီးမြှင့်သည့်အခမ်းအနား ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

အဆိုပါ "အုန်းအခြေခံ ထုတ်ကုန်ပစ္စည်းများ ပြပွဲနှင့်ပြိုင်ပွဲ" ကို ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီ လ ၁၅ ရက်နေ့မှ ၁၆ ရက်နေ့အထိ (၂) ရက်ကြာ ကျင်းပပြုလုပ်သွားမည်ဖြစ်ရာ ပြခန်းပေါင်း (၂၇) ခန်း ပါဝင်ပြသမည်ဖြစ်သည်။

Source: **မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့**

## ဗဟိုဘဏ်က နိုင်ငံခြားငွေ ဈေးကွက်အတွင်းသို့ ကန်ဒေါ်လာ ၉ သန်းနှင့် ထိုင်းဘတ် သန်း ၂၀၀ ထပ်မံရောင်းချပေး




ဗဟိုဘဏ်မှ နိုင်ငံခြားငွေကြေးဈေးကွက်အတွင်း ဒေါ်လာ ၉ သန်းနှင့် ထိုင်းဘတ် သန်း ၂၀၀ ကို ယနေ့ ဖေဖော်ဝါရီ (၁၅) ရက်တွင် ထပ်မံရောင်းချပေးခဲ့ကြောင်း သိရသည်။

ထို့ပြင် ယမန်နေ့ကလည်း ဗဟိုဘဏ်က ဈေးကွက်အတွင်းသို့ အမေရိကန်ဒေါ်လာ ၅ ဒသမ ၃၈ သန်းကို ရောင်းချပေးထားပြီး ဖေဖော်ဝါရီလအတွင်း ဒေါ်လာ ၄၆ ဒသမ ၃၈ သန်းနှင့် ထိုင်းဘတ်သန်း ၂၀၀ ကို ရောင်းချပေးထားကြောင်း ထုတ်ပြန်ချက်များအရ သိရသည်။

ထို့ပြင် ပြီးခဲ့သည့် ဇန်နဝါရီလတွင် ဒေါ်လာ ၆၆ ဒသမ ၉၃ သန်းနှင့် ထိုင်းဘတ်သန်း ၇၀၀ ထုတ်ရောင်းပေးခဲ့သလို ဇန်နဝါရီ ၁ ရက်တွင် အမေရိကန်ဒေါ်လာ ၄ သန်းနှင့်ညီမျှသော တရုတ်ယွမ်ငွေအား SWAP Facility (ကျပ်ငွေကို အပေါင်ယူပြီး ၎င်းနှင့်ညီမျှသော နိုင်ငံခြားငွေထုတ်ပေးခြင်း) စနစ်ဖြင့် ဗဟိုဘဏ်က ထုတ်ရောင်းပေးထားသည်။

နိုင်ငံခြားငွေလဲနှုန်း ဆက်တိုက်မြင့်တက်လာသည့်နောက်ပိုင်းတွင်လည်း ဗဟိုဘဏ်မှ နိုင်ငံခြားငွေကြေးဈေးကွက်အတွင်းသို့ ဒေါ်လာများဆက်တိုက် ထုတ်ရောင်းပေးခဲ့ကြောင်း သိရသည်။

**Source: popularmyanmar.com**

## ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇန်နဝါရီလအတွင်း ကင်းမွန်ပိသ်သာချိန် ၇၅,၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရ

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇန်နဝါရီလအတွင်း ကင်းမွန်ပိသ်သာချိန် ၇၅,၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရကြောင်း ဖျာပုံမြို့နယ်ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ကြူကြူက ပြောပြ၍သိရသည်။ ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ၂၀၂၃ ခုနှစ် ဒီဇင်ဘာလအတွင်းက ကင်းမွန်ပိသ်သာချိန် ၅၅,၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ၂၀၂၄ ခုနှစ် ဇန်နဝါရီလအတွင်း ကင်းမွန်ပိသ်သာချိန် ၇၅,၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရကြောင်း သိရသည်။

"ဖျာပုံကနေ ရန်ကုန်ဈေးကွက်ကို ဇန်နဝါရီလက ကင်းမွန်ပိသ်သာချိန် ၇၅,၀၀၀ လောက်ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ လက်ရှိ ဖေဖော်ဝါရီလထဲလည်း ကင်းမွန်တွေအဝင်များပြီး အရင်ကထက် ပိုမိုတင်ပို့နေရပါတယ်။ ရန်ကုန်ဘက်ကို ကုန်များများ တင်ပို့ရောင်းချရပေမဲ့ ကင်းမွန်ဈေးကငြိမ်နေပါတယ်။ ဖျာပုံမြို့နယ်ကနေထွက်ရှိတဲ့ ကင်းမွန်တွေကို ရန်ကုန်ဈေးကွက်ကို အဓိကတင်ပို့ရောင်းချလျက်ရှိပါတယ်။ အခုပြည်တွင်းဈေးကွက်ကနေ ကင်းမွန်တွေ အဝယ်လိုက်လာတယ်လို့ သိရပါတယ်" ဟု ဖျာပုံမြို့နယ်ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ကြူကြူက ပြောပြသည်။

ဖျာပုံမြို့နယ်တွင် ပင်လယ်ပြင်ကဖမ်းဆီးရရှိသည့် ကင်းမွန်များကို စနစ်တကျစစ်ဆေးသန့်စင်ပြီး ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချနေကြောင်း ဒေါ်ကြူကြူက ဆက်လက်ပြောပြ၍ သိရသည်။

**Source:** ရတနာပုံသတင်းစာ

## ပခုက္ကူမြို့၏ သနပ်ခါးဈေးနှုန်းဈေးကွက်



မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်အတွင်းရှိ မြိုင်၊ ပေါက်၊ ရေစကြိုမြို့နယ်များတွင် နှစ်ရှည်ခံပင်ဖြစ်သော သနပ်ခါးကို အဓိကထားစိုက်ပျိုးကြပြီး အဆိုပါမြို့နယ်များမှ ထွက်ရှိသော သနပ်ခါးပင်များကို ပခုက္ကူမြို့ရှိ သနပ်ခါးပွဲရုံများသို့ တင်ပို့ရောင်းချပြီး အရောင်းဝယ်ဖြစ်လျက်ရှိကြောင်း၊ သနပ်ခါးလိမ်း၍ ကျန်ရှိသော သနပ်ခါးတုန်းအနှစ်များကို သနပ်ခါးအခဲပြုလုပ်၍ ရောင်းချနေရသည့်အတွက် သနပ်ခါးမှာ တစ်ပင်လုံး အသုံးဝင်ကြောင်း သနပ်ခါးကုန်သည်ထံမှ သိရသည်။

သနပ်ခါးဈေးနှုန်းအနေဖြင့်သနပ်ခါးပင် အပုံပြတ်သော်လည်းကောင်း၊ အတုံးသေးများဖြတ်၍သော်လည်းကောင်း ရောင်းချကြကြောင်း၊ အပုံပြတ်ရောင်းဈေးမှာ သနပ်ခါးပင် အနည်းအများ၊ သနပ်ခါးအရှည်အသွေးပေါ်မူတည်၍ အပင်ရေ ၅၀ မှ ၁၀၀ ပါရှိသော သနပ်ခါးပင်တစ်ပုံလျှင် ကျပ် ၂,၀၀,၀၀၀ မှ ၅,၀၀,၀၀၀ အထိရရှိပြီး သနပ်ခါးပင်တစ်ပင်လျှင် ကျပ် ၅,၀၀၀-၁၀,၀၀၀ ဖြင့်လည်းကောင်း၊ သနပ်ခါးတုံးတစ်တုံးလျှင် ကျပ် ၅၀၀-၄,၀၀၀ ဖြင့်လည်းကောင်း သနပ်ခါးအပင်၊ သနပ်ခါးတုံးများ၏ အရွယ်အစားနှင့်အရှည်အသွေးအပေါ်မူတည်၍ ဈေးနှုန်းများ ကွာခြားလျက်ရှိကြောင်း၊ သနပ်ခါးဈေးကွက်အနေဖြင့် ပခုက္ကူသနပ်ခါးပွဲရုံနှင့် မြို့မဈေးအနောက်ဘက်ရှိ ဘုန်းကြီးကျောင်းဝိုင်းအတွင်း၌ အရောင်းအဝယ်ဖြစ်လျက်ရှိပြီး ဧရာဝတီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးများသို့လည်း တင်ပို့ရောင်းချရကြောင်း သနပ်ခါးကုန်သည်ထံမှသိရှိရသည်။

**Source: DOCA (မကွေး)**

**https://commerce.gov.mm**

TIR

## နယူးဒေလီမြို့တော်သို့ ချီတက်ဆန္ဒပြရန် စုဝေးရောက်ရှိလာသော တောင်သူလယ်သမားများကို အိန္ဒိယရဲတပ်ဖွဲ့ တားမြစ်

အိန္ဒိယအစိုးရမှ ကူညီထောက်ပံ့မှုများတိုးမြှင့်ပေးရန် ဖိအားပေးတောင်းဆိုဖို့ နယူးဒေလီ မြို့တော်သို့သွားရာ လမ်းမများပေါ်သို့ ချီတက်ဆန္ဒပြရန် စုဝေးရောက်ရှိလာသော တောင်သူလယ်သမားများကို အိန္ဒိယရဲတပ်ဖွဲ့က တားမြစ်ထားကြောင်း Al Jazeera သတင်းဌာန ယခုလ ၁၂ ရက်က ဖော်ပြသည်။

အိန္ဒိယအစိုးရဝန်ကြီးများက တောင်သူလယ်သမားများ၏ တောင်းဆိုမှုများဖြစ်သော လွန်ခဲ့သော ၃ နှစ်အကြာက အစိုးမှ ကတိပြုထားသည့် သီးနှံဈေးနှုန်းမြှင့်တင်ပေးရန်ကိစ္စအပေါ် ပြည်ထောင်စုအဆင့်ခေါင်းဆောင်များနှင့် တွေ့ဆုံဆွေးနွေးရန် ယခုလ ၁၂ ရက်က လျာထားသတ်မှတ်ထားကြောင်းသိရသည်။ လယ်ယာထွက်ကုန်ဈေးကွက်ကို ထိန်းကျောင်းရန်ရည်ရွယ်၍ ပြဋ္ဌာန်းသတ်မှတ်ခဲ့သည့် အစိုးရ၏ဥပဒေများအပေါ် ပြန်လည်သုံးသပ်ပြင်ဆင်ပေးရန် ဖိအားပေးတောင်းဆိုသော ဆန္ဒပြပွဲများ ပေါ်ပေါက်လာသည့်အတွက် အဆိုပါဆွေးနွေးပွဲကို ကျင်းပပြုလုပ်ရခြင်းဖြစ်သည်။

ထောင်နှင့်ချီအရေအတွက်ရှိသော တောင်သူလယ်သမားများသည် နိုင်ငံ၏မြို့တော်သို့သွားရာ လမ်းမကြီးများအပေါ်သို့ စုဝေးရောက်ရှိလာကြသည့်အတွက် ၂၀၂၁ ခုနှစ်က ဖြစ်ပွားခဲ့ဖူးသော တောင်သူလယ်သမားဆန္ဒပြပွဲများကဲ့သို့ နောက်ထပ်ဆန္ဒပြပွဲများ ထပ်မံပေါ်ပေါက်လာမှု မရှိစေရေးအတွက် အဆိုပါ လမ်းမများကို ယင်းကဲ့သို့ ပိတ်ဆို့ထားခြင်းဖြစ်သည်။

အဆိုပါ တောင်သူလယ်သမားများမှ ချီတက်ဆန္ဒပြမှုသည် အိန္ဒိယနိုင်ငံ၌ လအနည်းငယ်အတွင်း ကျင်းပပြုလုပ်သွားရန်ရှိသည့် ပြည်လုံးကျွတ်ရွေးကောက်ပွဲများမတိုင်မီ ပေါ်ပေါက်လာခြင်းဖြစ်သည်။ အဆိုပါ ရွေးကောက်ပွဲများ၌ ဝန်ကြီးချုပ်နာရန်ဒြာမိုဒီ အစိုးရအနေဖြင့် တတိယအကြိမ်သက်တမ်းအတွက် အနိုင်ရရှိရန် ကျယ်ကျယ်ပြန့်ပြန့်မျှော်လင့်ထားကြောင်း သိရသည်။ ထောက်ခံမဲရရှိရေးအတွက် အိန္ဒိယနိုင်ငံရှိ သန်းနှင့်ချီသော တောင်သူလယ်သမားများက ကြီးစွာသောလွှမ်းမိုးမှုရှိပြီး၊ အနိုင်ရပါတီအနေဖြင့်လည်း ၎င်းတို့၏ထောက်ခံအားပေးမှုရရှိရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

အိန္ဒိယနိုင်ငံမြောက်ပိုင်းပြည်နယ်များဖြစ်ပြီး ဂျုံအဓိကစိုက်ပျိုးထုတ်လုပ်ရာ ပန်ဂျပ်ပြည်နယ်နှင့် ဟာယနပြည်နယ်တို့မှ လယ်ထွန်စက်များသည် ဒေလီမြို့တော်သို့ဦးတည်၍ မောင်းနှင်လျက်ရှိသည်ကို ပြည်တွင်းရုပ်မြင်သံကြားအစီအစဉ်များ၌ ဖော်ပြထားကြောင်း၊ အိန္ဒိယရဲတပ်ဖွဲ့က သံဆူးကြိုးများ၊ ကွန်ကရစ်တုံးများအပါအဝင် အတားအဆီးများကို မြို့တော်အဝင် လမ်းမများပေါ်၌ချ၍ ပိတ်ဆို့တားမြစ်ထားကြောင်းနှင့်ဒေလီမြို့တော်တစ်ဝိုက်တွင် လူစုလူဝေးပြုလုပ်ခြင်းကို တားမြစ်သည့် အမိန့်အား မြို့တော်ရဲဌာနမှ ထုတ်ပြန်ကြေညာထားကြောင်း သိရသည်။

ပြည်ထောင်စုခေါင်းဆောင်များက ကောက်ပဲသီးနှံဈေးနှုန်းများအပေါ် အာမခံချက်ရရှိရေးနှင့် တောင်သူလယ်သမားအား ကူညီထောက်ပံ့မှုများမြှင့်တင်ရန်၊ အစိုးရအနေဖြင့် လယ်သမားများ ဝင်ငွေနှစ်ဆရရှိရေး ကတိပြုထားချက်အား ပြည့်မီအောင် ဆောင်ရွက်ရန်စသည်ဖြင့် တောင်းဆိုပြောကြားခဲ့ပြီးနောက် လယ်သမားများက အစိုးရအပေါ်ဖိအားပေးရန် ယခုကဲ့သို့ လမ်းမပေါ်ထွက်၍ ဆန္ဒပြကြခြင်းဖြစ်သည်။ “ကျွန်တော်တို့က ငြိမ်းချမ်းစွာ ချီတက်ဆန္ဒပြကြမှာပါ။ အဓိကရည်ရွယ်ချက်က ကျွန်တော်တို့ရဲ့ တောင်းဆိုချက်တွေကို အစိုးရမှ နားထောင်ပေးဖို့ပါ” ဟု ပန်ဂျပ်ပြည်နယ် Kisan Mazdoor Sangharsh ကော်မတီအတွင်းရေးမှူး Sarvan Singh Pandher က ANI သတင်းဌာနသို့ ပြောကြားခဲ့သည်။

အိန္ဒိယအစိုးရက တစ်နှစ်လျှင် သီးနှံအမျိုး (၂၀) ကျော်အတွက် ဈေးကွက်ရည်ညွှန်းဈေးနှုန်းများ သတ်မှတ်နိုင်ရန် အနိမ့်ဆုံး ထားရှိရမည့်ဈေးနှုန်းများ (Minimum Support Prices) သတ်မှတ်ပေးမည်ဟု ထုတ်ပြန်ကြေညာခဲ့သော်လည်း ပြည်နယ် အသီးသီးရှိ အစိုးရအဝယ်တော်များက ဆန်နှင့်ဂျုံကိုသာ သတ်မှတ်ဈေးနှုန်းအတိုင်း ဝယ်ယူခဲ့ကြောင်း၊ ထို့ကြောင့် အဆိုပါသီးနှံ နှစ်မျိုးကို စိုက်ပျိုးထုတ်လုပ်သော လယ်သမား ၆ ရာခိုင်နှုန်းခန့်ကိုသာ အကျိုးအမြတ်ရရှိစေခဲ့သည်ဟုဆိုသည်။

၂၀၂၁ ခုနှစ်က ထောင်ပေါင်းများစွာသော တောင်သူလယ်သမားများသည် ယင်းနှစ်မတိုင်မီက အိန္ဒိယအစိုးရမှ ပြဋ္ဌာန်း ခဲ့သော ဥပဒေ (၃) ရပ်အပေါ် ပြင်ဆင်ပြဋ္ဌာန်းပေးရန် တစ်နှစ်ကြာအောင် ဆန္ဒပြတောင်းဆိုခဲ့ကြသည်။ အဆိုပါဥပဒေများသည် အိန္ဒိယနိုင်ငံ၏ လယ်ယာစိုက်ပျိုးရေးကဏ္ဍတစ်ရပ်လုံး ခေတ်မီဖွံ့ဖြိုးစေရန်ရည်ရွယ်၍ ပြဋ္ဌာန်းခဲ့ခြင်းဖြစ်ကြောင်းနှင့် တောင်သူများအနေဖြင့် ၎င်းတို့၏ထွက်ကုန်များကို ပိုမိုရွေးချယ်ခွင့်ရှိစွာဖြင့် ရောင်းချနိုင်သည့်အတွက် ဝင်ငွေတိုးတက်စေနိုင် ကြောင်း အစိုးရကပြောကြားခဲ့သည်။

သို့သော် တောင်သူလယ်သမားများကမူ အဆိုပါဥပဒေများသည် လယ်ယာထွက်ကုန်ဈေးကွက်အပေါ် ပုဂ္ဂလိက ကုမ္ပဏီကြီးများ၏ ကြီးစိုးချယ်လှယ်မှုတိုးမြင့်စေပြီး အစိုးရမှအာမခံထားသော ကြမ်းခင်းဈေးနှုန်း (minimum support price–MSP) မှ ၎င်းတို့ရရှိမည့် အကျိုးကျေးဇူးကို ထိခိုက်စေသည်ဟု ဝေဖန်ပြောကြားခဲ့သည်။

ဝန်ကြီးချုပ်မိုဒီဦးဆောင်သော အစိုးရအနေဖြင့် အဆိုပါ အငြင်းပွားဖွယ်ဥပဒေများနှင့်ပတ်သက်၍ ယင်းသို့ဖိအားပေး တောင်းဆိုလျက်ရှိသည့်အပေါ် ပြန်လည်ပြင်ဆင်သုံးသပ်သွားရန် ရုတ်ချည်းစဉ်းစားဆုံးဖြတ်ခဲ့ဟန်ရှိကြောင်း သိရသည်။ အိန္ဒိယ နိုင်ငံတွင် ဝန်ကြီးချုပ်မိုဒီဦးဆောင်သော အစိုးရအနေဖြင့် ရွေးကောက်ပွဲ မဲဆွယ်စည်းရုံးစဉ်ကာလကထားရှိခဲ့သော ကတိကဝတ်များကို ပြည့်မီအောင် ဆောင်ရွက်ပေးခဲ့ခြင်းမရှိသည့်အပေါ် တောင်သူလယ်သမားများက ဆန္ဒပြတောင်းဆိုလျက် ရှိခြင်းဖြစ်ကြောင်း သုံးသပ်ရရှိပါသည်။ အိန္ဒိယနိုင်ငံ၏ လက်ရှိအာဏာရပါတီဖြစ်သော Bharatiya Janata Party (BJP) အနေဖြင့် နောက်ထပ်အစိုးရသက်တမ်း ထပ်မံတိုးမြှင့်နိုင်ရန်အတွက် အများပြည်သူမှ တစ်ခဲနက် ထောက်ခံအားပေးရန် လိုအပ်ပါသည်။

သို့ပါ၍ အိန္ဒိယအစိုးရ ဌာနအသီးသီးမှ ခန့်မှန်းထုတ်ပြန်ချက်များအရ နိုင်ငံရှိ အခြေခံတောင်သူလယ်သမားထုဦးရေမှာ အရေအတွက် (၃၇) သန်းမှ (၁၁၈) သန်းကြားရှိသည့်အတွက် အစိုးရအနေဖြင့် ယခုကိစ္စရပ်အပေါ် သတိကြီးစွာဖြင့် ကိုင်တွယ် ဆောင်ရွက်သွားဖွယ်ရှိကြောင်း သုံးသပ်တင်ပြအပ်ပါသည်။

**Source: Al Jazeera သတင်းဌာန၊ “Indian police block roads to halt farmers’ march to New Delhi”**

**(ကောင်းထွဋ်အောင်၊ စီးပွားရေးသံမှူး၊ မြန်မာကောင်စစ်ဝန်ချုပ်ရုံး၊ ကော်လ်ကတ္တားမြို့)**

## STOCK EXCHANGE (15.2.2024)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 15th Feb. 2024

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 13,554 (Shares) | 26,732,400 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,700 | +100 | +1.16% | 8,600 | 8,700 | 8,600 | 437 | 3,761,400 | 33,109,694 | 288,054 |
| MTSH | 00002 | 2,950 | +0 | +0.00% | 2,900 | 2,950 | 2,900 | 2,262 | 6,560,550 | 38,929,150 | 114,841 |
| MCB | 00003 | 7,700 | +0 | +0.00% | 7,700 | 7,700 | 7,700 | 0 | 0 | 10,400,986 | 80,088 |
| FPB | 00004 | 1,550 | +0 | +0.00% | 1,550 | 1,550 | 1,550 | 470 | 728,500 | 29,664,613 | 45,980 |
| TMH | 00005 | 2,500 | +0 | +0.00% | 2,500 | 2,500 | 2,500 | 0 | 0 | 12,823,224 | 32,058 |
| EFR | 00006 | 1,850 | +0 | +0.00% | 1,800 | 1,850 | 1,800 | 180 | 327,000 | 19,977,223 | 36,958 |
| AMATA | 00007 | 4,800 | +0 | +0.00% | 4,800 | 4,800 | 4,800 | 2 | 9,600 | 10,497,598 | 50,389 |
| MAEX | 00008 | 1,750 | +0 | +0.00% | 1,700 | 1,750 | 1,700 | 203 | 345,350 | 23,804,946 | 41,659 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Market summary

### Market summary

As of 15th Feb. 2024

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 365.83 | +1.75 | +0.48% | 363.04 | 365.83 | 362.52 | 3,554 | 11,732,400 | 8 | 690,027 |

**Index chart**




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 15th Feb. 2024

| Trading Volume | Trading Value |
|---|---|
| 13,554 (Shares) | 26,732,400 (MMK) |

### Main Board

As of 1:00 pm, 15th Feb. 2024

**Total Trading (MB)** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 13,554 (Shares) | 26,732,400 (MMK) |

| MYANPIX | 365.83 ▲ 1.75 |
|---|---|
| Total Volume (shares) | 3,554 |
| Total Value (MMK) | 12 mil |
| Listed Company | 8 |
| Market Cap. (MMK) | 690,027 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,700 | ▲ 100 |
| MTSH | 00002 | 2,950 | ▲ 0 |
| MCB | 00003 | 7,700 | ▲ 0 |
| FPB | 00004 | 1,550 | ▲ 0 |
| TMH | 00005 | 2,500 | ▲ 0 |
| EFR | 00006 | 1,850 | ▲ 0 |
| AMATA | 00007 | 4,800 | ▲ 0 |
| MAEX | 00008 | 1,750 | ▲ 0 |